မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. _ Volume 8/Issue11/ November / 2015*




# Join Us

# BCF Thanksgiving Worship Service

*Occasion … Thanksgiving Service*

*Date … Thursday, November 26, 2015*

*Time … 2:00 PM*

*Place … 1337 Farmstead Ave. La Puente, CA 91745*

*After the Service,*
*we gather at B.C.F Thanksgiving Potluck Dinner.*

***Please bring your food and share with others***



# Christian Home and Family Sunday Worship Service




November 29, 2015

2:00 PM

Worship Place … Farmstead Ave. La Puente, CA 91745

## You are invited

## Please join us

## 2015, November Events5

2015 NOVEMBER

| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 |
| 29 | 30 | | | | | |

*Holy Communion Sunday*

**11/ 01/ 2015**

~~~~~~~~~~~~~~~

*B.C.F. Official Board Meeting*

**11/ 08/ 2015**

~~~~~~~~~~~~~~~

*Regular Sunday Worship Service*

**11/ 15/ 2015**

~~~~~~~~~~~~~~~

*Regular Sunday Worship Service*

**11/ 22/ 2015**

~~~~~~~~~~~~~~~

*Thanksgiving Day Worship Service*

**11/ 26/ 2015**

~~~~~~~~~~~~~~~

*Christian Home & Family Sunday*

**11/ 29/ 2015**

~~~~~~~~~~~~~~~

*Every Worship Service*
*on*
*Sunday 2:00PM*
*at*
*1337 Farmstead Ave.*
*La Puente, CA 91745*

# ချီးမွမ်းကြစို့

ထာဝရဘုရားသည် ကြီးမြတ်၍ အလွန်ချီးမွမ်းဖွယ် ဖြစ်တော်မူ၏။ ဘုရားတကာတို့ထက်
ကြောက်ရွံ့ဖွယ် ဖြစ်တော်မူ၏။ ဆာ၊၉၆း၄

" လူသား၏ တာဝန် အချုပ်အခြာမှာ ဘုရား၏ဘုန်းကို ထင်ရှားစေရန်နှင့် ကိုယ်တော်၌ ထာဝရ ပျော်မွေ့ရန် ဖြစ်သည်" ဟု Westminister Catechism ကဆိုသည်။ ကျမ်းစာမှ ကျမ်းပိုဒ်အများစုသည်ဝမ်းမြောက်ရွှင်လန်းလျက် .. ကျေးဇူးသိတတ်ရန်၊ အသက်ရှင်သောဘုရားအား .. ပြပ်ဝပ်ကိုးကွယ်ရန် နိူးဆော်သည်။ ဘုရားသခင်ကို ကျွန်ုပ်တို့ ချီးမြှောက်လျှင် ကောင်းမြတ်သော ဆုကျေးဇူးကောင်းချီးမင်္ဂလာအပေါင်း စီးဆင်းရာအ ရင်းအမြစ်အဖြစ် ကိုယ်တော်ကို ကျွန်ုပ်တို့ချီးမွမ်းခြင်းဖြစ်သည်။ စိတ်နှလုံးမှ ကိုယ်တော်ကိုချီးမွမ်းလျှင် မိမိကိုယ်ကို ဝမ်းမြောက်စရာအဖြစ်၌ ကျွန်ုပ်တို့တွေ့မြင်ရပြီး၊ ထိုသို့ဝမ်း မြောက်ရန် ကျွန်ုပ်တို့ ဖန်ဆင်းခံရပါသည်။ လှပသော နေဝင်ဆည်းဆာ ရှုခင်း၊ ငြိမ်းချမ်း စိမ်းလန်းသော မြက်ခင်းပြင် ရှုခင်းများက ဖန်ဆင်းရှင်၏အံ့မခန်း ကြီးမြတ်မှုကို ပြညွှန်နေသကဲ့သို့ ပြပ်ဝပ်ကိုးကွယ်ခြင်းကလည်း ကိုယ်တော်နှင့်ကျွန်ုပ်တို့ကိုစိတ်ချင်းနီးကပ်ရင်းနှီးစေသည်။

ဝတ်ပြုကိုးကွယ်ခြင်းဆိုသည်မှာ .... ဘုရားသခင်ကို ချီးမွမ်းခြင်း စိတ်ပြည့်လျှံနေသော စိတ်နှလုံး၏ မျက်မှောက်ပြုရာဖြစ်သည်။ ဆာလံဆရာက "ထာဝရဘုရားသည် ကြီးမြတ်၍ အလွန်ချီးမွမ်းဖွယ် ဖြစ်တော်မူ၏။ ထာဝရဘုရားသည် ပဌနာပြုသောသူအပေါင်း သစ္စာနှင့်တကွ ပဌနာပြုသောသူအပေါင်းတို့၏အနီးအပါး၌ ရှိတော်မူ၏" ဟုမိန့်ကြားခဲ့သည်။ ဆာ ၁၄၅း၃၊ ၁၈။

ဘုရားရှင်က ကျွန်ုပ်တို့၏ ချီးမွမ်းမှုကို မလိုအပ်ပါ။ ကျွန်ုပ်တို့ကသာ ဘုရားကို ချီးမွမ်းရန် လိုခြင်းဖြစ်သည်။ ကိုယ်တော်ရှင်၏မျက်မှောက်တော်၌ နစ်မြောလျှက် ကျွန်ုပ်တို့ကို ရွေးနှုတ်လျက် ပြန်လည်တည်ဆောက်ငြိမ်ဝပ်စေသည့် ဘုရားသခင်၌ ဝမ်းမြောက်နိုင်သည်။ အနန္တမေတ္တာတော်၌ ဝမ်းမြောက်စရာများကို ခံယူသောက်သုံးနိုင်သည်။ ဆာလံဆရာ၏ စကားတစ်ခွန်းမှာ ဆာ၊၁၆း၁၁ "အထံတော်၌စုံလင်သောဝမ်းမြောက်ခြင်းအခွင့်နှင့် လက်ျာတော်နားမှာ အစဉ်အမြဲ ပျော်မွေ့ခြင်းအခွင့်ရှိပါ၏။"။

ဘုရားသခင်၊ ကိုယ်တော်သည် ကြီးမြတ်၍ တန်ခိုးတော်နှင့် ပြည့်စုံပါ၏။
စကြဝဠာမိုးမြေကို ဖန်ဆင်းတော်မူ၏။ နာမတော်ကို အစဉ်ချီးမွမ်းပါမည်။
ကိုယ်တော်မှတစ်ပါး အခြားသော ဘုရားမရှိပါ။ အာမင်။

~~~~~~~~~~~

# ခပ်သိမ်းသောအရာတို့၌ ကျေးဇူးတော်ကြီးမြတ်လှ

ခပ်သိမ်းသောအရာတို့၌ ကျေးဇူးတော်ကြီးလှပါ၏ဟု ကာလအစဉ် မပြတ်ဝန်ခံကြလော့။
ဖေက်၊ ၅း၂၀

လူ့ဘဝအသက်တာခရီးတွင်၊–

အနှောင့်အယှက် အဟန့်အတားများက စင်စစ် အဆန်းမဟုတ်တော့ပါ။
စီစဉ်ထားသည့်အတိုင်း ချောမွေ့စွာ တစ်နေ့တာကုန်ဆုံးသည့် အဖြစ်က မရှိသလောက်ပါ။
ဘဝ၌ အဆင်မပြေမှုများက အပြည့်ပါ။

အစိုးမရသော တရားသဘောများက အကြံအစည်များကို ကဖျက်ယဖျက် လုပ်နေမြဲပါ။
"ဖျားပြန်ပြီ၊ ပဋိပက္ခဖြစ်ပြန်ပြီ၊ ကားလမ်းပိတ်လို့၊ မေ့သွားလို့၊ စက်ပျက်လို့၊ ရိုင်းစိုင်းစော်ကားလိုက်တာ၊ ပျင်းလို့၊ စိတ်မရှည်တော့ဘူး၊ မကျန်းမာကျင်ဘူး" စသည်ဖြင့် တစ်ခုမဟုတ်တစ်ခု၊ ဒါမှမဟုတ်လည်း တစ်ခုပြီးတစ်ခု ဖြစ်နေသည်။

သို့သော်ငြားလည်း အဆင်မပြေမှုများ၏ အခြားတစ်ဖက်ကိုဖြင့် ကျွန်ုပ်တို့မသိနိုင်ပါ။ ဤအရာများက ကျွန်ုပ်တို့ကို စိတ်ဓာတ်ကျအောင်၊ ဘဝကို ပိုခက်ခဲသွားအောင်၊ အကြံအစည်များ ပျက်သွားအောင် လုပ်ခြင်းမှတပါး အခြား ရည်ရွယ်ချက်မရှိဟု ကျွန်ုပ်တို့ ထင်နေကြသည်။

သို့သော်၊ ဤအဆင်မပြေမှုများက ကျွန်ုပ်တို့ကို မမြင်နိုင်သည့် အန္တရာယ်များမှ ကာကွယ်သော ဘုရား၏နည်းလမ်း (သို့) ဘုရားသခင်၏ကျေးဇူးနှင့် ခွင့်လွှတ်ခြင်းကို ဖော်ပြသည့် အခွင့်အရေး ဖြစ်နိုင်ပါသည်။ ၎င်းသည် မိမိကြံစည်ထားသော အရာထက် ပိုကောင်းသောအရာ၏ အစလည်း ဖြစ်နိုင်ပါသည်။ သို့မဟုတ်ပါကလည်း ၎င်းသည် ရတက်မအေးစရာ ကိစ္စများ အပေါ် ကျွန်ုပ်တို့ မည်သို့မည်ပုံ တုံ့ပြန်မည်ကို စစ်ကြောသည့် စာမေးပွဲလည်း ဖြစ်နိုင်သည်။

မည်သို့ပင်ဖြစ်စေ ဘုရားသခင်၏ အကြောင်းပြချက်ကို မသိငြားလည်း ဘုရား၏လှုပ်ရှားမှုတိုင်းသည် ကျွန်ုပ်တို့ သခင်ယေရှုနှင့် တူရန်၊ မြေကြီးပေါ်၌ နိုင်ငံတော်တည်စေရန် ဖြစ်ကြောင်းကို တထစ်ချ ယုံကြည်နိုင်ပါသည်။

သမိုင်းတစ်လျှောက်တွင် သခင်ဘုရား၏နောက်တော်လိုက်များ ရင်ဆိုင်ခဲ့ရသည့် အဆင်မပြေမှုများသည် လျှော့ပြောခြင်း ဖြစ်ကောင်းဖြစ်မည်။ သို့ရာတွင် ဘုရားသခင်၌ အကြံအစည် ရှိသည်။ ဤအချက်ကို နားလည်ထားလျှင် ဘုရားသခင်သည် ကာလအချိန်ကို ရွေးနုတ်ရန် ကျွန်ုပ်တို့အား အချိန် နှင့် အခွင့်အရေး ပေးထားကြောင်းကို စိတ်ချလျက် သူ့အား ကျေးဇူးတင်နိုင်လိမ့်မည်။
~~~~~~~~~~~

ဖေက်သြဝါဒစာစောင်၊ ၅း၁၆၊၂၀ တွင်၊–

- ယခုနေ့ရက်ကာလ တို့သည် ဆိုးယုတ်သောကြောင့် ကာလအချိန်ကို ရွေးနှုတ်ကြလော့။ ထိုကြောင့် သတိမရှိသောသူ မဖြစ်၊ သခင်ဘုရား၏ အလိုတော်ရှိရာကို ပိုင်းခြား၍ သိသောသူ ဖြစ်ကြလော့။
- လွန်ကျူးစေတတ်သော စပျစ်ရည်နှင့် ယစ်မူးခြင်းကိုရှောင်၍ ဝိညာဉ်တော်နှင့် ပြည့်စုံလျက် ရှိကြလော့။
- ဆာလံသီချင်းမှစသော ဓမ္မသီချင်း အမျိုးမျိုးတို့ကို အချင်းချင်း ပြောဆိုဘတ်ရွတ်၍၊ နူးညွတ်သော စိတ်နှလုံးနှင့် သခင်ဘုရားရှေ့တော်၌ ကျူး၍ သီချင်းဆို ကြလော့။
- ခပ်သိမ်းသောအရာတို့၌ ကျေးဇူးတော်ကြီးလှပါ၏ဟု ငါတို့သခင်ယေရှုခရစ်၏ နာမတော်ကိုထောက်၍၊ ခမည်းတော် ဘုရားသခင့်ရှေ့၊ ကာလအစဉ်မပြတ် ဝန်ခံကြလော့။

အိုအဖဘုရား၊

ဘဝလမ်းခရီးထဲသို့ ဝင်လာသော အသေးအဖွဲ့ ပြဿနာများ များပြားလှေစွတကား ဟုထင်မိ၏။ ဒေါသထွက်ရန်၊ တစ်စုံတစ်ယောက်ကို အပြစ်ဖို့ရန်၊ အရှုံးပေးလိုက်ရန် သွေးဆောင်ခံရတိုင်း ကိုယ်တော့်အား မြင်နိုင်ရန် မစပါ။ မိမိ၌ ဖြစ်ပျက်သမျှ အရာများသည် ဘုရားသခင် ကျွန်ုပ်တို့ အတွင်း၌ ပြုသော၊ ကျွန်ုပ်တို့ အားဖြင့် ပြုသော အရာများလောက် အရေးမကြီးတော့ပါ။ ကိုယ်တော်ရှင်ဘုရား ပြုသောအရာများ အတွက် ကျေးဇူးတင်လျက် ချီးမွမ်းပါ၏။ အာမင်။

**Don't Worry About**
**ANYTHING**
**Instead, Pray About**
**EVERYTHING**
**Tell GOD What**
**YOU NEED&**
**Thank HIM For All**
**HE HAS DONE.**
**Philippians 4:6**

## ==1 Thessalonians 5:18 ==

*In all things,*
***Give Thanks.***



*Give thanks whatever happens.*
*That is what God wants for you*
*in Christ Jesus.*

*Give Thanks*
*in all circumstances, for this is*
*God's will for you.*

*Whatever happens,*
*Always be Thankful.*

*In every situation*
*be thankful and continually*
*Give Thanks to God.*

# အကြင်သူသည် ငါ့ကြောင့် အသက်ရှုံး၏။
# ထိုသူသည် အသက်ကို တွေ့လိမ့်မည်။

**John Ma**

သာယာသောနေ့တနေ့ဖြစ်သည်။ အမေရိကန်နိုင်ငံ၊ North Carolina ပြည်နယ်၊ Kannapolis မြို့၊ Mercy Independent နှစ်ခြင်း အသင်းတော်၏ခြံရှေ့၌ ရံပုံငွေ ရှာသော ဈေးရောင်းပွဲအပွဲကို ကျင်းပလျှက် ရှိသည်။ ဓမ္မသီချင်းသံများကိုလည်းကြားရသည်။ သာယာငြိမ့်ညောင်း၍ ငြိမ်သက်စေသည့်အပြင် ခွန်အားရစေသော ဤသီချင်းသံ၏ ဆွဲဆောင် မှုကြောင့် ကြေးစားနပန်းသမားအဖြစ်မှ ဓမ္မသီချင်းအဆိုတော်ဖြစ်လာသော Don Herbert သည် ဇနီးနှင့်အတူ ဤဈေးရောင်းပွဲသို့ ရောက်ရှိလာသည်။ ခရီးဦးကြိုဆို နှုတ်ဆက်သော သင်းအုပ်ဆရာ Tim Jones နှင့် အလာပ၊ တလာပ စကားပြောဖြစ်သည်။ ဆရာက Herbert ကို အသင်းတော်၌ ဓမ္မသီချင်းဆိုပေးရန် ဖိတ်ခေါ်လိုက်သည်။ ၃ ရက်ကြာသွားပြီး နောက်၊ ဆရာ Jones က Facebook ၌ Herbert ၏ဇနီးမှ ခင်ပွန်းသည်အတွက် အရေးတကြီး အရေးပေါ် ကျောက်ကပ်ပေးလှူရန် အရူးအမူး အကူ အညီတောင်းသောမေတ္တာ ရပ်ခံချက်တခုကို တွေ့လိုက်သည်။ Herbert သည် အခြေအနေဆိုးသော ကျောက်ကပ်ယို ယွင်းပျက်စီးသည့်ရောဂါ အဆင့် ၅ သို့ရောက်ရှိ နေပြီဖြစ်သဖြင့် ချွတ်ယွင်းနေသော ကျောက်ကပ် ကို ဖြတ်ထုတ်၍ ကောင်းသော ကျောက်ကပ် တခုဖြင့် အစားထိုးကုသရန် အရေးပေါ်လိုအပ်နေပြီ ဖြစ်သည်။ သို့မဟုတ်ပါက အသက်ဆုံးရှုံးမည်။ ဆရာ Jones သည် ကူညီလိုသော်လည်း ချီတုံ ချတုံ ဖြစ်နေသည်။ စိတ်ငြိမ်ရန်၊ အမှုတော်ဆောင်ပြီသ၍ ဘုရားသခင်၏အလိုတော်ရှိသော ကိုယ် ကျိုးစွန့်သည့် စိတ်ဆုံးဖြတ်ချက်ကို မှန်ကန်စွာချနိုင်ရန် ဆုတောင်းသည်။ နှစ်ရက်ကြာသော အခါ ကိုယ့်ကိုယ်ခန္ဓာမှ ကျောက်ကပ် ၂ ခုမှ တခုကို ပေးလှူရန် ဆုံးဖြတ်လိုက်သည်။ ငြိမ်သက်ခြင်းရရှိ သည့်အပြင် ဇနီးသည်၏သဘောတူညီမှုကို ရသည်။ Herbert တို့လင်မယားကို အကြောင်း ကြားလိုက်သော်လည်း ကျောက်ကပ် လှူချင်တိုင်း လှူ၍မရပါ။ ဆရာ Jones ၏ကျောက်ကပ်သည် Herbert ၏ ကိုယ်ခန္ဓာနှင့် ကိုက်ညီမှု လိုက်ဖက်မှု ရှိမရှိ ဆေးရုံမှ ဆေးစစ်ရဦးမည်ဖြစ်သည်။ လိုက်ဖက်ကိုက်ညီမှ သာလျှင် ပေးလှူနိုင်မည်ဖြစ်သည်။ ဤကဲ့သို့ လိုက်ဖက် ကိုက်ညီသော ဖြစ်တန်ရာ ကိန်းဂဏန်း ဖြစ်နိုင်စွမ်းမှာ ညီရင်းအစ်ကို မောင်ရင်းနှမအရင်းများ၌ ပင်လျှင် ဖြစ်ရန်ခဲယဉ်းသည်။ ဆွေမတော် မျိုးမစပ်သော သူစိမ်းများနှင့် ဆိုလျှင် ပို၍ပင် ခက်ခဲသည်။ မျှော်လင့်ချက်နည်းသော်လည်း ဆေးစစ် လိုက်သောအခါ တကယ်လိုက်ဖက် ကိုက်ညီ ကြောင်း အံ့သြစွာတွေ့ရသဖြင့် ကျောက်ကပ် အစားထိုး ခွဲစိတ်ကုသသောအစီအစဉ် ကိုပြုလုပ်လိုက်သည်။ ခွဲစိတ်သောနေ့၌ ကောင်းသောကျောက်ကပ်ကိုထုတ်ရန် ဆရာ Jones ကိုခွဲလိုက်သောအခါ မမျှော်လင့်ဘဲ သူ၏ကျောက်ကပ်ကို သွေးပို့ပေးသော အဓိကသွေးလွှတ်ကြောတနေရာ၌ အလွန်ကြောက်စရာ ကောင်းသော ဖောင်းထွက် နေသည့်အဖု Aneurym တခုကို တွေ့လိုက်သည်။ ဤအဖု Aneurym သည် သွေးကြော နံရံ၏ အားအနည်းဆုံး၊ အပါးဆုံးအပိုင်း ဖြစ်သဖြင့် အချိန်မရွေး ကွဲအက်ပေါက်ပြဲ၍ ကိုယ်ခန္ဓာအတွင်း၌ သွေးယိုစီးမှုဖြစ်ကာ အသက်ပါဆုံးရှုံးသွားနိုင်သည်။ ထို့ကြောင့် ခွဲစိတ်ဆရာဝန်ကြီးသည် တချက်ခုတ်၊ နှစ်ချက်ဖြတ်၊ ဆရာ Jones ၏ ကျောက်ကပ်ကို ခွဲထုတ်ရင်း ဒုက္ခမပေးနိုင်အောင် ဤအဖုကိုလည်း ခွဲထုတ်လိုက်ပြီး Herbert ကို ဆရာ Jones ၏ကျောက်ကပ်ဖြင့် အောင်မြင်စွာ အစားထိုး ကုသပေး လိုက်သည်။ ခွဲစိတ် ချိန်သည် မူလခန့်မှန်းထားသည်၏ နှစ်ဆဖြစ်သွားသော်လည်း အသက်တချောင်း ကယ်မည့် အစားအသက်နှစ်ချောင်း ကယ်ပြီးသား ဖြစ်သည်။

"အကြင်သူသည် ငါ့ကြောင့်အသက်ရှုံး၏။ ထိုသူသည် အသက်ကိုတွေ့လိမ့်မည်။"ဟူသော ရှင်မဿဲခရစ်ဝင် – ၁၆ း၂၅ တွင်ပါသည့် အတိုင်း ဆရာ Jones သည် ဘုရားသခင်၏ အလိုတော်အတိုင်း လိုက်နာခြင်းအားဖြင့် တပါးသူ၏အသက်ကို ကယ်တင်ရန် အလွန်အဖိုးထိုက်တန်သော ကိုယ့်ကျောက်ကပ်ကို ပေးလှူသော ဆုံးဖြတ်ချက်သည် မိမိအသက်ကိုပါ ကယ်လိုက်သလို ဖြစ်သွားသည်။

ထို့ကြောင့် ဟေရှာယအနာဂတ္တိကျမ်း၊ ၅၅း ၈–၉ တွင်ပါရှိသော ထာဝရဘုရား မိန့်တော်မူသည်ကား၊ "ငါ၏အကြံအစည်သည် သင်တို့၏အကြံ အစည် နှင့်မတူ။ ငါ၏အကျင့်သည်လည်း သင်တို့၏အကျင့်နှင့်မတူ။ မိုဃ်းကောင်းကင်သည် မြေကြီးထက် သာ၍ မြင့်သကဲ့သို့၊ ငါ၏အကျင့်သည်လည်း သင်တို့၏အကျင့်ထက်ရင်း၊ ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်ထက်ရင်း၊ သာ၍မြင့်၏။"

